နယ်ခြားကျေးရွာ
နယ်ခြားကျေးရွာအုပ်စု၊ဆင်ဘိုမြို့
မြစ်ကြီးနားမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နယ်ခြားကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၂၀

## မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ၆

**(ခ)** မွေးမြူရေးလုပ်ငန်း ၇

**(ဂ)** စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၇

**(ဃ)** ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၇

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၈

(ခ ) ကျေးရွာမီးလင်းရေး ၈

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၈

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၉

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၀

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၅၅

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၅၉



နယ်ခြားကျေးရွာ


January
February
March
April
May
June
July
August
September
October
November
December



**၁။ တည်နေရာနှင့် ပထဝီအနေအထား**

နယ်ခြားကျေးရွာသည် မြစ်ကြီးနားမြို့နယ်၊ ဆင်ဘိုမြို့၊ နယ်ခြားကျေးရွာအုပ်စု၊ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိပြီး ဆင်ဘိုမြို့၏ မြောက်ဘက် မြစ်ကမ်းဘေးတွင်တည်ရှိသောရွာဖြစ်သည်။ ကျေးရွာသည် မြစ်ကြီးနားမြို့မှ နယ်ခြားထိ ရေလမ်း(၇၅)မိုင်ရှိကာ ရေလမ်းဖြင့်သာသွားလာနိုင်ပြီး ဆင်ဘိုမြို့မှ ၅မိုင်ခန့်အကွာတွင်တည်ရှိကာ ပွင့်လင်းရာသီတွင် ကုန်းလမ်းမှသွားလာနိုင်ပါသည်။ ကျေးရွာ၏မြေအနေအထားမှာ မြေပြန့်ဖြစ်ပါသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် ခါတ်ငွေ့၊ရေနံ၊ ကျောက်မျက်နှင့်အခြားတွင်းထွက်သယံဇာတများမရှိပါ။ ကျောက်၊သဲ၊ကျောက်စရစ်များ အသင့်အတင့် ထွက်ရှိပြီးဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် စက်လှေဖြင့် သယ်ယူကြရသောကြောင့်အသုံးပြုရန်ခက်ခဲသည်။သဘာဝအပင်မျိုးစိတ်များအနေဖြင့် တောသစ်ခွနှင့် ဆေးဘက်ဝင် အပင်များ ထွက်ရှိသော်လည်း ထိရောက်စွာအသုံးချနိုင်ခြင်းမရှိကြပါ။သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့်ဒရယ်၊တောဝက်၊ဂျေ၊တောကြောင်စသည်တို့သာကျန်ရှိသည်။စိုက်ပျိုးမြေကေစုစုပေါင်း(၁၂၅၆)ကေရှိပြီးစပါး၊ပြောင်းမြေထောက်နှင့် နှမ်းများစိုက်ပျိုးသည်။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

နယ်ခြားကျေးရွာတွင်းရှိ လူထုအဖွဲ့အစည်း(၅)ဖွဲ့ရှိပြီး သာရေး/နာရေး,လူမှုဖွံ့ဖြိုးရေးကို အခြေခံသောအဖွဲ့(၂)ဖွဲ့နှင့် သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး၊လုံခြုံရေးနှင့်ကာကွယ်ရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့၊ ကျောင်းကော်မတီအဖွဲ့(၁)ဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့(၁)ဖွဲ့တို့ဖြစ်ပါသည်။၎င်းအဖွဲ့များသည်အချင်းချင်းစည်းလုံးမှု ရှိကြပြီး စွမ်းဆောင်နိုင်မှုများလည်း ကောင်းမွန်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအနေဖြင့် UNDP အဖွဲ့အစည်းမှ ထောက်ပံ့၍ စပါးဘဏ်ဖွင့်လှစ်မှုရှိခဲ့ပြီး ယခုအချိန်တွင် စပါးဘဏ်ပျောက်သွားပြီး ဖြစ်ပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ကျေးရွာတွင် ၁၂.၅ကေအထက် တောင်သူကြီး (၃၂) အိမ်ထောင်စု၊ ၁၂.၅ကေနှင့် ၅ကေကြား တောင်သူလတ် (၁၈) အိမ်ထောင်စု နှင့် ၅ကေမှ၂.၅ကေကြား တောင်သူငယ် ၄ဦး နှင့် ၂.၅ကေအောက် ဆင်းရဲသားတောင်သူ ၇ဦး နှင့် မြေယာမဲ့ ၃ဦးရှိသည်။ အဓိကအားဖြင့် စပါး၊ ပြောင်း၊မြေထောက်နှင့် နှမ်းတို့ကို အားကိုးစိုက်ပျိုးကြသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။

နယ်ခြားကျေးရွာတွင် မိုးရေကိုသာအဓိကထားစိုက်ပျိုးကြပြီး မိုးတွင်းချိန်တွင် ချောင်းရေသွင်းမြောင်းမှ ကေ (၁၃၀)ခန့်ရေရှိကြသည်။ စပါးထွက်နှုန်းမှာတစ်ကေ ပျှမ်းမျှ (၂၅) တင်းထွက်သည်။ ပြောင်းပျှမ်းမျှထွက်နှုန်းမှာ ၇၀ တင်း၊ မြေထောက်ပျမ်းမျှထွက်နှုန်းမှာ ၃၀ တင်းနှုန်းနှင့်နှမ်းပျမ်းမျှထွက်နှုန်းမှာ ၂၀ထွက်သည်။ ကျေးရွာတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် တွန်းစက် ၂၈ စင်း၊ရိတ်သိမ်း

စက် ၁ စင်း၊ ခြွေလှေ့စက် ၂ စင်း၊ရေစုပ်စက် ၈ စင်းနှင့် မြက်ရိတ်စက် ၇၈ခုရှိပြီး ထွန်စက် ငှားရမ်း အသုံးပြုပါက ၁ဧက ၂၅၀၀၀နှုန်း ပေးကြရသည်။ ခြွေလှေ့စက်ငှားရမ်းခမှာလည်း စပါးတင်း ၁၀၀လျှင် ၄တင်းနှုန်း ပေးကြရသည်။ ပြောင်းခြွေရာတွင် ၁တင်း ၃၀၀နှုန်း ပေးရသည်။ ကျွဲ/နွားဖြင့် ထွန်ယက် စိုက်ပျိုးသူ အနည်းငယ်ရှိသည်။

သီးနှံမျိုးစေ့များကို ဝယ်ယူရရှိနိုင်သော်လည်း မျိုးကောင်း/မျိုးသန့်များကို မရရှိနိုင်ကြပါ။ ဘာဝမြေဆွေးအော်ဂဲနစ်မြေသြဇာများကိုဝယ်ယူရရှိရန်ခက်ခဲသည်။သီးနှံများကိုရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်ခြင်းမရှိပါ။သီးနှံဖျက်ပိုးအသင့်အတင့်ကျရောက်သည်။နည်းပညာဝန် ဆောင်မှုများလည်း မရှိပါ။ထို့ကြောင့် သီးနှံအထွက်နှုန်း တိုးစေရန်အတွက် ဆည်မြောင်းများ ပြုလုပ် ပေးခြင်း၊ ဘက်စုံစိုက်ပျိုးရေး သင်တန်းများနှင့် လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျရောင်း ချပေးမည်ဆိုပါကစိုက်ပျိုးရေးတွင် သီးနှံအထွက်နှုန်း ကောင်းမွန်ပြီးအရည်အသွေးပြည့်ဝသောထုတ်ကုန် များရရှိလာနိုင်ပါ မည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားကို ၃၈ အိမ် မှ ၁၉၁ကောင်၊ ကျွဲကို ၁၁၀ အိမ်မှ ၆၃၂ ကောင်၊ ဝက်ကို ၁၂၄အိမ်မှ ၃၅၄ ကောင်၊ ကြက်ကို ၁၂၃ အိမ်မှ ၉၁၈ ကောင် နှင့် ဘဲကို ၂ အိမ် မှ ၂၀ကောင်တို့ မွေးမြူကြသည်။

ကျေးရွာ တစ်ရွာလုံးအိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း တရားဝင်ဈေးကွက်မရှိသဖြင့် စီးပွား ဖြစ်မွေးမြူလှေ့မရှိကြပါ။ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မရှိကြပါ။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်သောကြောင့် စိုက်မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းပညာနှင့် ဝန်ဆောင်မှုများမရှိခြင်းတို့ကြောင့် ကြိမ်နှင့်တင်းဖြူးများကို ကုန်ကြမ်းအဖြစ်သာ ရောင်း ချကြသည်။အလုပ်နှင့်လိုက်လျောညီထွေသော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ ခြင်းကြောင့် လုပ်သား အင်အား ရှားပါးသည်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း ရေလမ်းခရီးသာရှိ သည်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း နည်းပါးသည်။ ထို့ကြောင့် ဒေသနှင့်ကိုက်ညီသော အသက် မွေးဝမ်းကျောင်းနည်းပညာ သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုအနေဖြင့် စိုက်ဘဏ်ချေးငွေ၊ သမဝါယမချေးငွေ တို့မှာ ကာ လတိုချေးငွေဖြစ်ပြီး အတိုးနှုန်း(၁.၅)ရာခိုင်နှုန်းဖြစ်ကာ စိုက်ဘဏ်ချေးငွေရယူရန် ပုံစံ(၇)လိုအပ်ပြီး သမဝါယမချေးငွေမှာ အပေါင်ခံပစ္စည်းမလိုအပ်ပါ။ မြစိမ်းရောင်ချေးငွေမှာ ကာလလတ်ချေးငွေဖြစ်ကာ အတိုးနှုန်း ၁.၅ကျပ်ပေးရပါသည်။ ငွေချေးသူထံမှလည်း အပေါင်ခံပစ္စည်းဖြင့် အတိုးနှုန်း ၁၀ရာခိုင်နှုန်း နှင့်အထက်ပေးကြရသည်။ မိတ်ဆွေနှင့်ဆွေမျိုးများထံမှလည်း လိုအပ်ပါက ချေးယူကြပြီး တစ်ချို့မှာ အတိုးယူကြ၍ တစ်ချို့မှာ အတိုးမဲ့ဖြင့် ကူညီကြသည်။ ထို့ကြောင့်အတိုးနှုန်းသက်သာသော နှစ်ရှည်ချေး ငွေများ ချမှတ်ပေးရန် တင်ပြကြသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ ၃၇စင်း ၊စက်လှေ ၄စင်း ၊စက်ဘီး ၅ စင်း၊ မော်တော်ဆိုင်ကယ် ၃၅ စီး၊ သုံးဘီးဆိုင်ကယ် ၅ စီး၊ထော်လာဂျီ ၄ စီး၊ ကား ၂ စီး နှင့် နွားလှည်း ၂စီးရှိသည်။သယ်ယူပို့ဆောင်ရေးယာဉ် မျိုးစုံရှိသော်လည်း ရေကြောင်းကိုသာ အဓိကထား အသုံးပြု ကြသည်။ ရေလမ်းခရီးသာရှိသောကြောင့် အချိန်မရွေး အရေးပေါ်သွားလာရန် လိုအပ်ပါက အခက်အခဲ ရှိသည်။ ခရိုင်ချင်းဆက်လမ်းသာ ကောင်းမွန်ပါက အချိန်မရွေးသွားလာနိုင်မည်ဖြစ်သည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းချိန်တွင် သွားလာရခက်ခဲပြီး သွားလာရ အဆင်မပြေမှုများရှိသည်။ရွာချင်းဆက်လမ်းမှာလည်း မြေသားလမ်းဖြစ်သောကြောင့် ပွင့် လင်းရာသီတွင်သာ အသုံးပြုနိုင်သည်။ ထို့ကြောင့် ရွာတွင်းလမ်းအဆင့်မြှင့်တင်ရန် တင်ပြကြသည်။

ကျေးရွာတွင် တံတားအသုံးပြုမှုအနေဖြင့် သစ်သားတံတား(၁)စင်းရှိပြီး ပျက်စီးနေပြီဖြစ်ပါသည်။ ထို့ကြောင့် တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရန် အထူးလိုအပ်သည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရသေးသောကြောင့် ဆိုလာမီးကိုသာ အသုံးပြုနေကြရပြီး ဆိုလာ အသုံးပြုသူ(၆၂)အိမ်ရှိပြီး ဖယောင်းတိုင်အသုံးပြုသော အိမ်ထောင်စု(၂)စုရှိသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် ၇၆ လုံး၊ တီဗွီ ၂၃ လုံးနှင့် ဂြိုလ်တုစလောင်း ၃ ခု ရှိကြပါသည်။ ဖုန်းလိုင်းမှာ အမ်ပီတီ၊ တယ်လီနော နှင့် CDMA ၃ မျိုးစလုံးလိုင်းမိပြီး Ooredooလိုင်းမှာ တခါတရံမိတတ်ပါသည်။လျှပ်စစ်မီးမရှိသောကြောင့် အသုံးပြုသူ သိပ်မရှိခြင်းဖြစ်သည်။

## ၆။ ပညာရေး

ကျေးရွာတွင်မူလတန်းလွန်ကျောင်းသာရှိပြီးအလယ်တန်းနှင့်အထက်တန်းကို ဆင်ဘိုမြို့တွင်သာ သွားရောက်သင်ကြားရသည်။ ကျောင်းဆရာ/ဆရာမလုံလောက်မှုရှိသော်လည်း ဘာသာရပ်ပြ ဆရာ/မ လုံလောက်မှုမရှိပါ။မူလတန်းကောင်းထွက်နှုန်းနည်းသော်လည်းဆင်းရဲသောမိသားစုများမှအလယ်တန်း နှင့်အထက်တန်းကျောင်းသို့ တက်ရောက်နိုင်ရန် ကျောင်းစရိတ်မရှိကြပါ။ကျောင်းသုံးစာအုပ်နှင့်စာရေး ကိရိယာများလုံလောက်မှုရှိပြီးကျောင်းအားကစားပစ္စည်းများလက်လှမ်းမီမှုမရှိပါ။မိဘဆရာအခန်းကဏ္ဍ မှာ ကောင်းမွန်သည်။

စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ(၆၀.၆)ရာခိုင်နှုန်းအထိ များပြားခြင်းနှင့်အလယ်တန်း အဆင့် စာတတ် မြောက်သည့်လူဦးရေမှာ(၂၃)ရာခိုင်နှုန်း၊အထက်တန်းအဆင့်တတ်မြောက်သူ(၇)ရာခိုင်နှုန်းနှင့်တက္ကသိုလ် အဆင့်ထိ စာတတ်မြောက်သူ (၄.၄၂)ရာခိုင်နှုန်းရှိသဖြင့် ကျေးရွာတွင် အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်းများ တဖြည်းဖြည်း နည်းသွားကြောင်းတွေ့ရှိရပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်ကာကွယ်ဆေးများကို ကျန်းမာရေးဌာနမှ မပျက်မကွက် ပုံမှန်ထိုးပေးလေ့ရှိသော်လည်း အာဟာရပညာပေး အစီအစဉ်ဆောင်ရွက်ခြင်းမရှိပါ။ ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကျန်းမာရေးဝန်ဆောင်မှု ရရှိကြသည်။ တိုက်နယ်ဆေးရုံမှာ ဆင်ဘို မြို့တွင် ရှိပြီး နွေရာသီအချိန်မှလွဲ၍ ရေလမ်းခရီးဖြင့် သွားကြရသည်။ အရေးပေါ်အခြေအနေများ ဖြစ်ပါက မြစ်ကြီးနား ပြည်သူ့ဆေးရုံသို့ သွားကြရပြီးရေလမ်းခရီးသာရှိသောကြောင့်အခက်အခဲများဖြစ်သည်။ကျေးရွာတွင်ဆေးဆိုင်သီးသန့်မရှိသဖြင့် ကုန်စုံဆိုင်များသာ အနည်းငယ်ရောင်းချကြသည်။ အဖြစ်များသော ရောဂါများမရှိသော်လည်း ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် စက်ရေတွင်း(၅)တွင်းရှိပြီး တစ်ရွာလုံးအသုံးပြုကြသည်။အချို့တွင်းများတွင် နွေရာသီအချိန်၌ရေထွက်နှုန်းခြင်းကြောင့် ဘုန်းကြီးကျောင်းရှိတွင်းတွင် တစ်ရွာလုံး အသုံးများကြသည်။ ရေအရည်အသွေးစစ်ဆေးထားရှိမှုမရှိကြပါ။ အိမ်ထောင်စု(၂)စုမှာ မိုးတွင်းအချိန်တွင် မိုးရေလှောင်ကန်မှ ရေကို အသုံးပြုကြသည်။ အိမ်ထောင်စု ၅၀မှာ ဧရာဝတီမြစ်မှာ ရေကိုလည်း အသုံးပြုကြသည်။ မိုးတွင်းအချိန်တွင် ဖြစ်ပေါ်သော လွင်ပြင်မှ မိုးရေကြည်စိမ့်စမ်းများကို အသုံးပြုသော အိမ်ထောင်စု(၈)စု ရှိသည်။ထို့ကြောင့် ရေလှောင်ကန်တည်ဆောက်ပေးရန်နှင့် စက်ရေတွင်းတူးဖော်ပေးရန် တင်ပြကြသည်။ ကျေးရွာတွင်သန့်ရှင်းသောယင်လုံအိမ်သာအနေဖြင့်ရေလောင်းယင်လုံအိမ်သာကို ၆၄ အိမ်ထောင်စုစလုံး သုံးစွဲကြပါသည်။သန့်ရှင်းမှုလည်း စနစ်တကျ သုံးစွဲကြသည်ကို တွေ့ရှိကြပါသည်။

**၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

လူငယ်များသည် မူးယစ်ဝါးအန္တရာယ်အချိန်မရွေးကျရောက်နိုင်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ ဆင်းရဲသားတောင်သူများနှင့်လက်လုပ်လက်စား ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့်အတင့်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် အရေးပေါ်အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။မြစ်ကမ်းဘေးတွင် နေထိုင်လျက်ရှိပြီး အချိန်မရွေး မြေပြိုမှု ဖြစ်ပွားနိုင်သောကြောင့် ထိခိုက်လွယ်မှု မြင့်သည်။

မြေဆီလွှာအခြေအနေ၊ အပင်မျိုးစိတ်များ၊ရေအရင်းအမြစ်၊ ဖျက်ပိုးများကျရောက်မှုများ၊ငါးမျိုးကွဲများ၊ တိရစ္ဆာန်မျိုးကွဲများနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့တွင် အန္တရာယ်ရှိမှုလတ်သည်။ ဘာဘာဝ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းနည်း ဟောပြောပွဲများ ပြုလုပ်ပေး ရန် လိုအပ်သည်။

**၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ**

နယ်ခြားကျေးရွာ၏ကျေးရွာစီမံအုပ်ချုပ်မှုနှင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ အမျိုးသမီးများအား အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာအသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ( နယ်ခြားကျေးရွာ )

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | အဖွဲ့အစည်းဖွံ့ဖြိုးမှုစီမံကိန်း | ၁။ စာရင်းရေးသွင်းနည်းသင်တန်း<br>၂။ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း<br>၃။ ဥပဒေနှင့် ဆိုင်သောကိစ္စနှင့်ပတ်သက်၍ ပညာပေးသင်တန်းများ | ၄ |
| ၂ | လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ရွာတွင်းတံတားဆောက်လုပ်ခြင်း<br>၂။ ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း | ၁ |
| ၃ | သောက်သုံးရေရရှိရေးစီမံကိန်း | ၁။ စက်ရေတွင်းများတူးဖော်ခြင်း<br>၂။ ရေလှောင်ကန်များဆောက်လုပ်ခြင်း | ၃ |
| ၄ | စိုက်ပျိုးရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ဆည်မြောင်းများပြုလုပ်ပေးခြင်း<br>၂။ ဘက်စုံစိုက်ပျိုးရေးသင်တန်းများ<br>၃။ လယ်/ယာသုံးစက်ပစ္စည်းများအရစ်ကျရောင်းချခြင်း | ၂ |
| ၅ | စိုက်/မွေးမဟုတ်သောအသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ဒေသနှင့်ကိုက်ညီသောအသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ရန် | ၁၂ |
| ၆ | သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ခရိုင်ချင်းဆက်လမ်းပြုပြင်ပေးခြင်း | ၅ |
| ၇ | ပညာရေးဖွံ့ဖြိုးရေးစီမံကိန်း | ၁။ စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း<br>၂။ ဆရာ/မ လုံလောက်စွာချထားပေးရန် | ၇ |
| ၈ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအသိပညာပေးဟောပြောပွဲ<br>၂။ အားကစားပစ္စည်းများ ပံ့ပိုးပေးခြင်း<br>၃။ ကွန်ပျူတာ/အင်္ဂလိပ်စကားပြောသင်တန်းများဖွင့်လှစ်ပေးခြင်း | ၈ |

| | | | |
|---|---|---|---|
| | | ၄။ အကျိုးရှိသောအင်တာနက်အသုံးပြုနည်းသင်တန်း<br>၅။ အားကစားနှင့်ဆိုင်သောသင်တန်းများ | |
| ၉ | လုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံကိန်း | ၁။ ကျေးရွာလုံခြုံကာကွယ်ရေးအဖွဲ့များဖွဲ့စည်းပေးရန် | ၁၀ |
| ၁၀ | ငွေကြေးဖွံ့ဖြိုးရေးစီမံကိန်း | ၁။ အတိုးနှုန်းသက်သာသောနစ်ရှည်ချေးငွေ | ၆ |
| ၁၁ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ | ၁၁ |
| ၁၂ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်း | ၁။ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းနည်းဟောပြောပွဲများ | ၉ |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား) (နယ်ခြားကျေးရွာ)**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | - | - | - |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၁၂ | ၂၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၁ | ၁၂ | ၃၃ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၃ | ၂၈ | ၅၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၉ | ၁၀၁ | ၂၁၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | - | ၂ | ၂ |
| **စုစုပေါင်း** | | **၁၆၉** | **၁၅၅** | **၃၂၄** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၆၄** | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ နယ်ခြားကျေးရွာသည် အိမ်ထောင်စု (၆၄)စု၊ လူဦးရေ (၃၂၄)ဦး ရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သော နို့စို့အရွယ်တစ်နှစ်အောက်ကလေးမရှိပါ။ ငါးနှစ်အောက်ကလေး အရွယ်(၂၈)ဦး(၈.၆%)၊ မူလတန်းကျောင်းသားအရွယ်(၃၃)ဦး(၁၀.၂%)၊ အလယ်တန်းကျောင်းသား အရွယ် (၅၁)ဦး(၁၆.၄%) ၊အလုပ်လုပ်နိုင်သည့်အရွယ် (၂၁၀)ဦး (၆၄.၉)% နှင့် သက်ကြီးရွယ်ကြီး (၂)ဦး (၀.၆၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၅.၂%) ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၁၀၉)ဦး ၊ မ (၁၀၁)ဦး စုစုပေါင်း (၂၁၀) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၄.၈%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅.၀၆)ဦးနှုန်းရှိသောကြောင့် မြန်မာနိုင်ငံ၏ကျေးလက်အိမ်ထောင်စုတစ်အိမ်ထောင်စံနှုန်း(၅)ဦးနှုန်းသာ ရှိပါသည်။ကျေးရွာအတွင်း သက်ကြီးရွယ်ကြီးများလည်း အလွန်နည်းကြောင်းတွေ့ရှိရပြီး (၁)နှစ်အောက်ကလေးများလည်း မရှိကြောင်းကိုတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၀ | ၁၀၅ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / | ၃ | ၉ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၆၄ | ၁၁၅ | ၆ | ☒ |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သူသောအိမ်ထောင်စု (၃)စုသာရှိသည်။ စိုက်ပျိုးရေးတွင် စပါး၊ ပြောင်း၊နှမ်းနှင့် မြေထောက်ပဲတို့ကိုအလှည့်စီ အဓိကထားစိုက်ပျိုးကြပြီး မီးသွေးဖုတ်သောအိမ်ထောင်စု (၃)စုရှိပြီး ဝရိန်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု (၁) စုရှိသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေးကျောက်ထုတ် လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ် လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၄ မျိုးရှိသည်ကို တွေ့ရသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလက်သမား၊ ပန်းရံလုပ်ငန်း၊ ထုတ်ကုန် မီးသွေးဖုတ်လုပ်ငန်းများဖြစ်သည်။ အမျိုးသားနှင့်အမျိုးသမီးလုပ်အားခအနည်းငယ် ကွာဟမှုရှိကြောင်းတွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ပဲ၊ ပြောင်း၊ စပါးများကို စိုက်ပျိုးရာတွင် နေ့စားဖြင့်မဟုတ်ပဲ ပုတ်ပြတ်ပေးလေ့ရှိကြောင်းတွေ့ရှိရပါသည်။ပဲနုတ်လျှင် ပုတ်ပြတ် ၁ဧက ၃၅၀၀၀ ကျပ်ဖြင့်ပေးရပြီး စပါးရိတ်လျှင် ၁ဧက ၆တင်းရလေ့ရှိပါသည်။

**(ဂ)	သဘာဝရင်းမြစ်များ**

**(ဂ–၁)	စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၅၉ | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၁၁ | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၉ | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၃၉၄ | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၈၇၃ | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် လယ်မြေဧက၂၅၉ ဧက ၊တောင်ယာမြေ ၂၁၁ဧက ၊ဥယျာဉ်ခြံမြေ ၉ ဧကနှင့် ကိုင်း/ကျွန်းမြေ ၃၉၄ ဧကရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်သာကောင်းမွန် သောကြောင့် သီးနှံအထွက်နှုန်းတိုးစေရန် ဓါတုဓါတ်မြေဩဇာများသုံးစွဲကြသည်။

### (ဂ-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။) | များ ☐ သင့် နည်း မရှိ ☒ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☒ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☒ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☒ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☒ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☒ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☒ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။**

**လေ့လာတွေ့ရှိချက်။** ။ နယ်ခြားကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်နှင့်အခြားတွင်းထွက်သယံဇာတများမရှိပါ။ ကျောက်၊ သဲ၊ ကျောက်စရစ်များ အသင့်အတင့် ထွက်ရှိပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် စက်လှေဖြင့်သယ်ယူကြရသောကြောင့် အသုံးပြုရန်ခက်ခဲသည်။ သဘာဝအပင်မျိုးစိတ်များ အနေဖြင့် တောသစ်ခွနှင့် ဆေးဘက်ဝင်အပင်များ ထွက်ရှိသော်လည်း ထိရောက်စွာ အသုံးချနိုင်ခြင်းမရှိကြပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် ဒရယ်၊ တောဝက်၊ ဂျေ၊ တောကြောင် စသည်တို့သာကျန်ရှိသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| **မြေယာပိုင်ဆိုင်မှု** | ၂၀ကေအထက် | ၂၀ကေမှ ၁၀ကေကြား | ၁၀ကေမှ ၅ကေကြား | ၅ကေအောက် |
| **အိမ်အခြေအနေ** | **ပျဉ်ထောင်၊ပျဉ်ခင်း၊ သွပ်မိုး** | **ထရံကာ၊ပျဉ်ခင်း၊ သွပ်မိုး** | ထရံကာ၊ သက်ကယ်မိုး | ရှန်းမိုး၊ဝါးခင်း၊ ထရံကာ |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | ထွန်စက်(လတ်) ထော်လာဂျီ၊ နွား၊ကျွဲ မြက်ရိတ်စက် | ထွန်စက်(လတ်)၊ မြက်ရိတ်စက်၊ ကျွဲ၊ နွား၊ ဆိုင်ကယ် | နွား၊ဆိုင်ကယ် | ပေါက်တူး၊ပေါက်ပြ ား၊ တံစဉ် |
| **အဓိကစီးပွားရေး လုပ်ငန်း** | တောင်သူကြီး | တောင်သူလတ် | တောင်သူငယ်၊ ကျပန်း | ကျပန်း |
| **အိမ်ထောင်စု (၂၀၉)** | ၂၀ | ၁၇ | ၁၆ | ၁၁ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** နယ်ခြားကျေးရွာတွင်အိမ်ထောင်စု (၆၄)စု ရှိပြီး အဆင်ပြေသောအိမ်ထောင်စု နှင့်အလယ်အလတ်ရှိသောအိမ်ထောင်စုမှာစုစုပေါင်းအိမ်ထောင်စု၏(၅၇.၈)ရာခိုင်နှုန်းရှိပြီးစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။မပြေလည်သောအိမ်ထောင်စုများနှင့်အလွန်အပြေလည်သော အိမ်ထောင်စု များသည် စိုက်ပျိုးရေးနှင့် ကျပန်းအလုပ်များလုပ်ကိုင်ကြသည်။

**(င) ထိခိုက်လွယ်မှု**

**(င–၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ၈<br>လုပ်အားခကြိုယူ = ၈ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အဆင့်(၃) နှင့် အဆင့် (၄) အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူမှုအရ အခြားအစာပြောင်းလဲစားသောအိမ်ထောင်စုများ၊ အစာလျှော့စားသော အိမ်ထောင်စုများ၊ အထောက်အပံ့ယူသောအိမ်ထောင်စုများမရှိပါ။ ၎င်းတို့အားလုံးမှာ ချေးယူခြင်း ၊ လုပ်အားခကြိုယူခြင်းတို့သာရှိသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ နယ်ခြားကျေးရွာတွင်ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။

### (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ နယ်ခြားကျေးရွာတွင် ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲစသည့် ထိခိုက်လွယ်မှုမြင့်၍ ကျန်ထိခိုက်လွယ်မှုများမှာ နိမ့်သည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ လူငယ်များသည် မူးယစ်ဆေးဝါးအန္တရာယ်အချိန်မရွေးကျရောက်နိုင်ခြင်းကြောင့်ထိခိုက်လွယ်မှုမြင့်သည်။ ဆင်းရဲသားတောင်သူများ နှင့် လက်လုပ်လက်စား ကျပန်းများလုပ်ကိုင်သည့်အိမ်ထောင်စုများအသင့်အတင့်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် အရေးပေါ်အခြေအနေများကြုံတွေ့ပါကအခြားအိမ်ထောင်စုများထက်ပို၍ထိခိုက် ခံစားလွယ်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

မြစ်ကမ်းဘေးတွင်နေထိုင်လျက်ရှိပြီး အချိန်မရွေးမြေပြိုမှု ဖြစ်ပွားနိုင်သောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

ကျန်ထိခိုက်လွယ်မှုများမရှိပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | မီးသတ် | ၁☐ ၂☒ ၃☐ | ၁၀ | - | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ကျောင်းကော်မတီ | ၁☐ ၂☒ ၃☐ | - | ၇ | ၇ | ပညာရေး ☒ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၃ | ရပ်မိရပ်ဖ | ၁☐ ၂☒ ၃☐ | ၆ | - | ၆ | ပညာရေး ☒ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၄ | ပေါ်ခိန်/မယ် ခိန် | ၁☐ ၂☒ ၃☐ | ၆၀ | ၆၀ | ၁၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး<br>☒ စိုက်ပျိုးမွေးမြူရေး<br>☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၅ | အပျို/လူပျို | ၁☐ ၂☒ ၃☐ | ၃၀ | ၂၀ | ၅၀ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐ သင့် ☒ ညံ့ ☐ |
| | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ နယ်ခြားကျေးရွာအတွင်း အဖွဲ့ပေါင်း (၅) ဖွဲ့ရှိပြီး ဘာသာရေးနှင့် သာရေး/နာရေး,လူမှုဖွံ့ဖြိုးရေးကိုအခြေခံသော အဖွဲ့(၂)ဖွဲ့နှင့် သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး၊လုံခြုံရေး နှင့် ကာကွယ်ရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့၊ ကျောင်းကော်မတီအဖွဲ့(၁)ဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့ (၁)ဖွဲ့တို့ဖြစ်သည်။ ၎င်းအဖွဲ့များသည် အချင်းချင်းစည်းလုံးမှုရှိကြသော်လည်း စွမ်းဆောင်ရည်အားနည်းခြင်းနှင့် ဗဟုသုတအားနည်းခြင်းတို့ကြောင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ ဥပဒေနှင့်ဆိုင်သောသင်တန်းများ၊ စာရင်းရေးသွင်းနည်းသင်တန်းများဖွင့်လှစ်ပေးရန်တင်ပြကြသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | UNDP | ၁☐ ၂☐ ၃☐ ၄☒ ၅☐ ၆☐ ၇☐ | **ပညာရေး ☐ ငွေကြေး ☒ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☒** |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစ်မိုးရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။**

**လေ့လာတွေ့ရှိချက်။** ။ နယ်ခြားကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအနေဖြင့် UNDP အဖွဲ့အစည်းမှထောက်ပံ့၍ စပါးဘဏ်ဖွင့်လှစ်မှုရှိခဲ့ပြီး ယခုအချိန်တွင် စပါးဘဏ်ပျောက်သွားပြီးဖြစ်ပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ–၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

